နောက်ဆက်တွဲ (၁၁)

# သစ်တောများအုပ်ချုပ်လုပ်ကိုင်မှု (သဘာဝတောနှင့်စိုက်ခင်း) အတွက် ထောက်ခံချက်ပေးနိုင်ရန် စံနှင့်အညွှန်းများ (မူကြမ်း)အပေါ် သဘောထားမှတ်ချက် တောင်းခံရာတွင် သစ်တောဦးစီးဌာနမှ ပြန်လည်ပေးပို့လာသော သဘောထားမှတ်ချက်/အကြံပြုချက်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုများအား အကြောင်းပြန်ကြားခြင်း

မြန်မာနိုင်ငံသစ်တောထောက်ခံချက်ပြုရေးကော်မတီ (MFCC) မှ ရေးဆွဲထားသော Standard Setting Policy အရ MFCC သည် Public Stakeholder Consultation ကို ၂၀၁၉ ခုနှစ် ဧပြီလ (၃၀) ရက်နေ့မှ ဇွန်လ (၃၀)ရက်နေ့အထိ ပြုလုပ်ခဲ့ပါသည်။ ရရှိလာသော သဘောထားမှတ်ချက်/ အကြံပြုချက်များကို နည်းပညာဆိုင်ရာလုပ်ငန်းအဖွဲ့ခွဲ၊ နည်းပညာဆိုင်ရာလုပ်ငန်းအဖွဲ့၊ မြန်မာနိုင်ငံသစ်တောထောက်ခံချက်ပြုရေးကော်မတီ အစည်းအဝေး များ အဆင့်ဆင့်ကျင်းပ၍ အတည်ပြုဆုံးဖြတ်ချက်ချပြီးဖြစ်ပါသည်။

Public Stakeholder Consultation ကျော်လွန်၍ စံနှင့်အညွှန်းများအပေါ် ပေးပို့လာသော သဘောထားမှတ်ချက်/အကြံပြုချက်များကိုလည်း MFCC ၏ Stakeholder Engagement and Public Documents Policy နှင့်အညီ မှတ်တမ်းတင်၍ သိမ်းဆည်းသွားမည်ဖြစ်ပြီး နောက်တစ်ကြိမ် စံနှင့် အညွှန်းများ ပြန်လည်ပြင်ဆင်သည့်အချိန်တွင် ထည့်သွင်းစဉ်းစားသွားမည် ဖြစ်ပါသည်။

MFCC သည် Public Stakeholder Consultation မှ ရရှိလာသော သဘောထားမှတ်ချက်နှင့် အကြံပြုချက်များအရ သဘာဝတောနှင့် သစ်တောစိုက်ခင်းစံနှင့်အညွှန်းများကို ပေါင်းစပ်၍ စံချိန် စံညွှန်းတစ်ခုတည်းသာထားရှိပြီး ၎င်းစံချိန်စံညွှန်းတွင် ဥပဒေသ၊ စံနှင့်အညွှန်းများသာ ပါဝင် ပါသည်။

စံနှင့်အညွှန်းများကို အခြေခံ၍ ရေးဆွဲမည့် Checklist/Audit Form တွင်မူ Public Stakeholder Consultation တွင် ရရှိသော သဘောထားမှတ်ချက်/ အကြံပြုချက်များ သာမက Public Stakeholder Consultation ကျော်လွန်၍ ရရှိသော သဘောထားမှတ်ချက် / အကြံပြုချက်များကိုပါ ထည့်သွင်းစဉ်းစား၍ ရေးဆွဲသွားမည်ဖြစ်ပါသည်။

**အဖွဲ့အစည်းအမည် -** **ဦးစီးရုံးချုပ်၊ သစ်တောဦးစီးဌာန**

**ပေးပို့ရက်စွဲ -** **၂၇.၁.၂၀၂၀**

**သစ်တောများအုပ်ချုပ်လုပ်ကိုင်မှုအတွက် ထောက်ခံချက်ပေးနိုင်ရန် မြန်မာ့စံနှင့်အညွှန်းများ (သဘာဝတောနှင့် သစ်တောစိုက်ခင်း) မူကြမ်း**

| စဉ် | သဘောထားမှတ်ချက်/အကြံပြုချက်များ | သဘောထားမှတ်ချက်များ၊ အကြံပြုချက်များနှင့် ပတ်သက်၍ MFCC မှ အတည်ပြု ဆုံးဖြတ်ချက်များ |
|---|---|---|
| ၁။ | သဘာဝတောများ စီမံအုပ်ချုပ်မှုဆိုင်ရာ စံနှင့်အညွှန်းများ စာမျက်နှာ (၆၆)နှင့် သစ်တောစိုက်ခင်းများစီမံအုပ်ချုပ်မှုဆိုင်ရာစံနှင့်အညွှန်းများစာမျက်နှာ (၇၇) တို့တွင် ဖော်ပြပါရှိသည့် အမှတ်စဉ်(၂၄) - ဒေသခံတိုင်းရင်းသား (Indigenous Peoples) အဓိပ္ပါယ်ဖွင့်ဆိုချက်တွင် ဌာနေတိုင်းရင်းသား အဓိပ္ပာယ်ဖွင့်ဆိုချက်အား ထပ်မံထည့်သွင်း ဖော်ပြခြင်း မပြုရန်။ | MFCC သည် Public Stakeholders Consultation တွင် ရရှိလာသော သဘောထားမှတ်ချက်နှင့် အကြံပြုချက်များကို MFCC ၏ Standard Setting Policy အရ အစည်းအဝေး အဆင့်ဆင့် ကျင်းပ၍ Myanmar Criteria and Indicators for Forest Management Certification (2020) အား ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ(၁၉) ရက်နေ့တွင် အတည်ပြုခဲ့ပြီးဖြစ်ပါသည်။<br>Myanmar Criteria and Indicators for Forest Management Certification (2020) တွင် Local Indigenous Peoples အဓိပ္ပာယ်ဖွင့်ဆိုချက်ကို Secretariat of the Permanent Forum on Indigenous Issues, United Nations ၏ Background Paper ဖြစ်သော The Concept of Indigenous Peoples မှ မှီငြမ်း ကိုးကားထားခြင်း ဖြစ်ပါသည်။<br>**Local Indigenous Peoples –**<br>"Indigenous communities, peoples and nations are those which, having a historical continuity with |

| | | |
|---|---|---|
| | | pre-invasion and pre-colonial socieities that developed on their territories, consider themselves distinct from other sectors of the societies now prevailing on those territories, or parts of them.<br>(Note: There is no confirmed definition at the national level. The above definition is taken from “The Concept of Indigenous Peoples: Background paper prepared by the Secretariat of the Permanent Forum on Indigenous Issues, United Nations” and it is to be reviewed and revised occasionally). |
| ၂။ | သဘာဝတောများ စီမံအုပ်ချုပ်မှုဆိုင်ရာ စံနှင့် အညွှန်းများ စာမျက်နှာ (၆၈) နှင့် သစ်တော စိုက်ခင်းများစီမံအုပ်ချုပ်မှုဆိုင်ရာစံနှင့်အညွှန်း များစာမျက်နှာ (၈၀) တို့တွင် ဖော်ပြပါရှိသည့် အမှတ်စဉ် (၃၆)-ကြိုးဝိုင်းတော (Reserved Forest) အဓိပ္ပာယ်ဖွင့်ဆိုချက်တွင် ၂၀၁၈ ခုနှစ်၊ သစ်တောဥပဒေအရ အဆိုပါမြေကို ကြိုးဝိုင်းတောအဖြစ်သတ်မှတ်ထားသော သစ် တောအား ၂၀၁၈ ခုနှစ်၊ သစ်တောဥပဒေအရ ကြိုးဝိုင်းတောအဖြစ်ဖွဲ့စည်းထားသည့်နယ်မြေ ဟု ပြင်ဆင်ဖော်ပြရန်။ | ပြင်ဆင်ဖော်ပြပြီး ဖြစ်ပါသည်။ |
| ၃။ | သဘာဝတောများ စီမံအုပ်ချုပ်မှုဆိုင်ရာ စံနှင့် အညွှန်းများ စာမျက်နှာ (၇၀) နှင့် သစ်တော စိုက်ခင်းများ စီမံအုပ်ချုပ်မှုဆိုင်ရာ စံနှင့် အညွှန်း များ စာမျက်နှာ (၈၁) တို့တွင် ဖော်ပြ ပါရှိသည့် အမှတ်စဉ်(၄၂) - အန္တရာယ်ကျ | Myanmar Criteria and Indicators for Forest Management Certification (2020) အား မြန်မာ ဘာသာသို့ပြန်ဆိုရာတွင် ဖြည့်စွက် ဖော်ပြသွားမည်ဖြစ်ပါသည်။ |

| | | |
|---|---|---|
| | ရောက်နေသော/ခြိမ်းခြောက်ခံနေရသော မျိုးစိတ်များ (Threatened Species) အား (မျိုးသုဉ်းပျောက်ကွယ်ရန်) အန္တရာယ်ကျရောက်နေသော / ခြိမ်းခြောက်ခံနေရသော မျိုးစိတ်များဟု ဖြည့်စွက် ဖော်ပြရန်။ | |
| ၄။ | သဘာဝတောများစီမံအုပ်ချုပ်မှုဆိုင်ရာ စံနှင့်အညွှန်းများ စာမျက်နှာ (၇၀) နှင့် သစ်တောစိုက်ခင်းများ စီမံအုပ်ချုပ်မှုဆိုင်ရာ စံနှင့်အညွှန်းများ စာမျက်နှာ (၈၂) တို့တွင် ဖော်ပြပါရှိသည့် အမှတ်စဉ် (၄၃) - အသုံးပြုသူများ၏ အခွင့်အရေးများ (Use rights) အား အသုံးပြုခွင့်/ အသုံးချခွင့် (rights) ဟု ပြင်ဆင်ဖော်ပြရန်။ | Public Stakeholder Consultation ကျော်လွန်၍ စံနှင့်အညွှန်းများ အပေါ် ရရှိသော သဘောထား မှတ်ချက်/ အကြံပြုချက်များကိုလည်း MFCC ၏ Stakeholder Engagement and Public Documents Policy နှင့်အညီ မှတ်တမ်းတင်၍ သိမ်းဆည်းသွားမည်ဖြစ်ပြီး နောက်တစ်ကြိမ် စံနှင့်အညွှန်းများ ပြန်လည်ပြင်ဆင်သည့်အချိန်တွင် ထည့်သွင်းစဉ်းစားသွားမည် ဖြစ်ပါသည်။ |

**သစ်တောများအုပ်ချုပ်လုပ်ကိုင်မှုအတွက် ထောက်ခံချက်ပေးနိုင်ရန် မြန်မာ့စံနှင့်အညွှန်းများ (သဘာဝတောနှင့် သစ်တောစိုက်ခင်း) မူကြမ်းများအပေါ် ယေဘုယျအကြံပြုချက်**

| စဉ် | သဘောထားမှတ်ချက်/အကြံပြုချက်များ | သဘောထားမှတ်ချက်များ၊ အကြံပြုချက်များနှင့် ပတ်သက်၍ MFCC မှ အတည်ပြု ဆုံးဖြတ်ချက်များ |
|---|---|---|
| ၁။ | FSC ၏ ဥပဒေသများသည် ပိုမိုပြည့်စုံ သင့်လျော်မှုရှိပြီး အပြည်ပြည်ဆိုင်ရာ လိုအပ်ချက်များနှင့် ကိုက်ညီသဖြင့် မြန်မာနိုင်ငံအတွက် ယခု SFM C&I များကို FSC ၏ ဥပဒေသမူဘောင်များ ကို အခြေခံ၍ ရေးဆွဲထားသည်ဟု သိရှိရပါကြောင်း၊ သို့ရာတွင် သုတေသန စာတမ်းအချို့ (Norden et al. (2015) Doremus, J. (2019) အရ FSC Certification သည် တစ်ချို့သော နိုင်ငံများတွင် အောင်မြင်ခြင်းမရှိကြောင်း ဖတ်ရှုရသဖြင့် မိမိတို့ နိုင်ငံသည်လည်း FSC မူဘောင်အတွင်း ဆောင်ရွက်နိုင်ခြင်းရှိ/မရှိ ဆန်းစစ်ပြီး ပြင်ဆင်ရေးဆွဲသင့်ပါကြောင်း | MFCC သည် ၂၀၁၅ ခုနှစ်တွင် FSC ၏ ဥပဒေသများ၊ စံနှင့် အညွှန်းများကို အခြေခံ၍ “သဘာဝတောနှင့် သစ်တော စိုက်ခင်းအုပ်ချုပ်လုပ်ကိုင်မှုအတွက် ထောက်ခံချက်ပေးနိုင်ရန် စံနှင့်အညွှန်းများ (ပထမ မူကြမ်း)ကို ရေးဆွဲထားခဲ့ပါသည်။ ၎င်းစံနှင့်အညွှန်းများကို ၂၀၁၇ ခုနှစ် တွင် MFCC သည် သာယာဝတီခရိုင်၊ ကသာခရိုင်နှင့် ဂန့်ဂေါခရိုင်တို့တွင် ပထမမူကြမ်းကို ဆောင်ရွက်နိုင်ခြင်း ရှိ/ မရှိ ကွင်းဆင်းစစ်ဆေး အကဲဖြတ်ပြီးဖြစ်ပါသည်။<br>ယခုအခါ MFCC သည် Program for Endorsement of Forest Certification (PEFC)နှင့် ပူးပေါင်းဆောင်ရွက်နေပါသည်။ PEFC ၏ Endorsement ရရှိရန်အတွက် PEFCမှ သတ်မှတ်ထားသော Sustainable Forest Management Requirments နှင့် ကိုက်ညီရန်လည်းကောင်း၊ Public Stakeholders Consultation မှ ရရှိသော သဘောထားမှတ်ချက်/အကြံပြုချက်များဖြင့်လည်းကောင်း စံနှင့်အညွှန်းများ (ဒုတိယမူကြမ်း) ကို ပြန်လည် သုံးသပ်ပြင်ဆင်ပြီး Myanmar Criteria and Indicators for Forest Management |

| | | |
|---|---|---|
| | | Certification (2020) ကို ၂၀၂၀ပြည့်နှစ် ၊ ဇွန်လ (၁၉) ရက်နေ့ တွင် အတည်ပြုပြီး ဖြစ်ပါသည်။ |
| ၂။ | ယခ ုဖော်ပြထားသော “ဆောင်ရွက်မှု အထောက်အထား”သည် အမှန်တကယ် အသက်ဝင်ခြင်း ရှိ/ မရှိ၊ လက်တွေ့တွင် လိုက်နာကျင့် သုံးနိုင်ခြင်း ရှိ/ မရှိ ဆန်းစစ်ရန် လိုအပ်ပါကြောင်း | MFCC သည် ယခုအချိန်တွင် Myanmar Criteria and Indicators for Forest Management Certification (2020) ကို အခြေခံ၍ Checklist/Audit Form ကို ရေးဆွဲနေပါသည်။ လက်တွေ့တွင် လိုက်နာကျင့်သုံးနိုင်ခြင်း ရှိ/မရှိ ကို ဆန်းစစ်နိုင်ရန် အတွက် အကဲဖြတ် ဆန်းစစ်မှုများ ဆောင်ရွက်လျက်ရှိပါသည်။ |
| ၃။ | SOP ဟု ယေဘုယျ ဖော်ပြခြင်းထက် C&I တစ်ခု ချင်းစီအလိုက် သက်ဆိုင်ရာ SOP ကို ဖော်ပြသင့်ပါကြောင်း | MFCC သည် ယခုအချိန်တွင် Myanmar Criteria and Indicators for Forest Management Certification (2020) ကို အခြေခံ၍ Checklist/Audit Form ကို ရေးဆွဲနေပါသည်။ ၄င်း Checklist/ Audit Form တွင် C&I တစ်ခုချင်းစီနှင့် ပတ်သက်သောသက်ဆိုင်ရာ SOP ကိုထည့်သွင်း ဖော်ပြထားပါသည်။ |
| ၄။ | HCVF ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကိုလည်း တိတိကျကျ ဖော်ပြပေးရန် လိုအပ်ပါကြောင်း<br><br>Norden et al.(2015) also finds that neither FSC nor PEFC certification reduced noncompliance with regulations governing high conservation value areas in Sweden.<br><br>Doremus, J.(2019) said that in case of FSC Certification, no evidence increased material wealth; instead, the poorest Aka | MFCC သည် ယခုအချိန်တွင် Myanmar Criteria and Indicators for Forest Management Certification (2020) တွင် HCVF ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို အောက်ပါအတိုင်းထည့်သွင်းထားပါသည်။<br><br>**High Conservation Value Forests –** High Conservation Value Forests (HCVFs) are those that possess one |

| | | |
|---|---|---|
| | households become poor. | or more of the following attributes:<br>1. Forest areas containing globally, regionally or nationally significant concentrations of biodiversity values (e.g. endemism , endangered species, refugee); and/ or large landscape level forests, contained within, or containing the management unit, where viable populations of most if not all naturally occuring species exist in natural patterns of distribution and abundance.<br>2. forest areas that are in or contain rare, threatened or endangered ecosystems.<br>3. forest areas that provide basic services of nature in critical situations (e.g. watershed protection, erosion control)<br>4. forest areas fundamental to meeting basic needs of local communities (e.g. subsistence, health) and/or critical to local communities' traditional cultural identity (areas of cultural, ecological, economic or religious significance identified in cooperation with such local communities). |

**သစ်တောအုပ်ချုပ်လုပ်ကိုင်မှုအတွက် ထောက်ခံချက်ပေးနိုင်ရန် မြန်မာ့စံနှင့်အညွှန်းများ (သဘာဝတော) (မူကြမ်း) နှင့် ပတ်သက်ပြီး အကြံပြုချက်များ**

| စဉ် | ဥပဒေသ၊ စံ၊ အညွှန်းများနှင့် အထောက်အထားများ | သဘောထားမှတ်ချက်/ အကြံပြုချက် | သဘောထားမှတ်ချက်များ၊ အကြံပြုချက်များနှင့် ပတ်သက်၍ အတည်ပြုဆုံးဖြတ်ချက်များ |
|---|---|---|---|
| ၁။ | ဥပဒေသ (၁)၊ စံ (၁.၁)၊ အညွှန်း (၁.၁.၁)၏ ဆောင်ရွက်မှု အထောက်အထားများ | (၁) ပို့ကုန်သွင်းကုန်ဥပဒေ (၂၀၁၂) (*)<br>(၂)အပင်ရောဂါစစ်ဆေးရေး ဥပဒေ(*)<br><br>(၃)ရေချိုငါးဥပဒေ(*)<br><br>(၄) စံသတ်မှတ်ခြင်း ဥပဒေ (*)များသည် မသက်ဆိုင်ဘူး လား??<br><br>(၅) နိုင်ငံခြားသား/မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု ဥပဒေဟုသီးခြားမထားတော့ဘဲ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဟု ပြောင်းလဲထားပါကြောင်း<br>(၆) ထပ်သွင်းထားသည့် သတ္တုတွင်းဥပဒေသည် သက်ဆိုင်ပါသလား ???<br><br>(၇) CFI (2019) အသုံးပြုရန် | (၁) ပို့ကုန်သွင်းကုန်ဥပဒေ (၂၀၁၂)<br>(၂) အပင်ရောဂါ စစ်ဆေးရေး ဥပဒေ၊<br>(၃) ရေချိုငါးလုပ်ငန်းဥပဒေကို ထည့် သွင်းထားပြီးဖြစ်ပါသည်။<br>(၄) စံသတ်မှတ်ခြင်းဥပဒေများသည် စီးပွားရေး၊ ပတ်ဝန်းကျင်ဆိုင်ရာ ရှုထောင့်များအရ သက်ဆိုင်သော် လည်းလက်တွေ့ အကဲဖြတ်ဆန်းစစ်ခြင်း ပြုလုပ်ရာတွင် ကိုက်ညီစေရန် ရည်ရွယ်၍ Checklist/ Audit Form တွင် သစ်တောကဏ္ဍနှင့် အဓိက ဆက်စပ်ပတ်သက်နေသော ဥပဒေသများကိုသာဦးစားပေး စဉ်စား၍ ရေးဆွဲသွားမည် ဖြစ်ပါသည်။<br>(၅) နိုင်ငံခြားရင်းနှီးမြှပ်နှံမှု ဥပဒေ (၂၀၁၂) နှင့် မြန်မာနိုင်ငံသားများ ရင်းနှီးမြှပ်နှံမှုဥပဒေ(၂၀၁၃) တို့ကို မြန်မာနိုင်ငံရင်းနှီးမြှပ်နှံမှု ဥပဒေ (၂၀၁၆) ဖြင့် ရုတ်သိမ်းထားပြီးဖြစ်သောကြောင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ (၂၀၁၆) ကို အစား |

| | | | |
|---|---|---|---|
| | | | ထိုးထည့်သွင်းပြီးဖြစ်ပါသည်။<br>(၆) သတ္တုတွင်း ဥပဒေအား ပတ်ဝန်းကျင်ဆိုင်ရာ ရှုထောင့်မှ ကြည့်၍ ထည့်သွင်းရန် လိုအပ်သည်ဟု ယူဆသောကြောင့်ထည့်သွင်းထားခြင်း ဖြစ်ပါသည်။<br><br>(၇) CFI 2019 အား ပြောင်းလဲသုံးစွဲသွားမည်ဖြစ်ပါသည်။ |
| ၂။ | ဥပဒေသ (၁)၊ စံ (၁.၅)၊ အညွှန်း (၁.၅.၁)၏ ဆောင်ရွက်မှု အထောက် အထားများ | CFI 2019 ပြောင်းရန် | CFI 2019 အား ပြောင်းလဲသုံးစွဲသွားမည်ဖြစ်ပါသည်။ |
| ၃။ | ဥပဒေသ (၁)၊ စံ (၁.၆)၊ အညွှန်း (၁.၆.၁)၏ ဆောင်ရွက်မှု အထောက် အထားများ | (၁) CFI 2019 ပြောင်းရန်<br>(၂) (၅) နှစ်စီမံကိန်း(သစ်တောကဏ္ဍ)ဆိုသည်မှာ ???<br>(၃) ပုဂ္ဂလိက စည်းမျဉ်းစည်းကမ်းဆိုသည်မှာ ??? | (၁) CFI 2019 အား ပြောင်းလဲသုံးစွဲသွားမည်ဖြစ်ပါသည်။<br>(၂) MFCC သည် ယခုအချိန်တွင် Myanmar Criteria and Indicators for Forest Management Certification (2020) ကို အခြေခံ၍ Checklist/ Audit Form ကို ရေးဆွဲနေပါသည်။ လက်တွေ့တွင် လိုက်နာကျင့်သုံးနိုင်ခြင်း ရှိ/မရှိကို ဆန်းစစ်နိုင်ရန်အတွက် အကဲဖြတ်ဆန်းစစ်မှုများ ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ ဆောင်ရွက်နေစဉ်တွင် (၅) နှစ်စီမံကိန်း (သစ်တောကဏ္ဍ)နှင့်ပတ်သက်၍မြန်မာနိုင်ငံသစ်တောထောက်ခံချက်ပြုရေးကော်မတီ၏ Checklist/ Audit |

| | | | |
|---|---|---|---|
| | | | Form(မူကြမ်း)တွင်ထည့်သွင်းခြင်း မပြုတော့ပါ။ (၃) “ပုဂ္ဂလိက စည်းမျဉ်းစည်းကမ်း”များအစား သစ်တောဦးစီးဌာနမှ တရားဝင် သတ်မှတ်ပြဌာန်းထားသော“ပုဂ္ဂလိကကျွန်း/သစ်မာမျိုးစုံ/အခြား စိုက်ခင်းတည်ထောင်ခွင့်ရရှိသူက လိုက်နာရမည့် စည်းကမ်းချက်များ” ကို ပြောင်းလဲသုံးစွဲသွားမည် ဖြစ်ပါသည်။ |
| ၄။ | ဥပဒေသ (၂)၊ စံ (၂.၁)၊အညွှန်း (၂.၁.၁)၏ အညွှန်း | (၁) CFI 2019 ပြောင်းရန် (၂) သတ္တုတွင်း ဥပဒေက သက်ဆိုင်ပါသလား?? | (၁) CFI 2019 အား ပြောင်းလဲသုံးစွဲသွားမည်ဖြစ်ပါသည်။ (၂) သတ္တုတွင်း ဥပဒေအား ပတ်ဝန်းကျင်ဆိုင်ရာ ရှုထောင့်မှ ကြည့်၍ထည့်သွင်းရန် လိုအပ်သည်ဟု ယူဆသောကြောင့် ထည့်သွင်းထားခြင်း ဖြစ်ပါသည်။ |
| ၅။ | ဥပဒေသ (၂)၊ စံ (၂.၂)၊အညွှန်း (၂.၂.၁)၏ ဆောင်ရွက်မှု အထောက် အထားများ | (၁) CFI 2019 ပြောင်းရန် (၂) ဒေသခံ ပြည်သူအစုအဖွဲ့ပိုင်သစ်တော လုပ်ငန်းဆောင်ရွက်ရန် “ခွင့်ပြုသည့်ကာလ” အစား CF Certificate ပြောင်းလဲအသုံးပြုရန်။ | (၁) CFI 2019 အား ပြောင်းလဲ သုံးစွဲသွားမည်ဖြစ်ပါသည်။ (၂) ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း ဆောင်ရွက်ရန် “ခွင့်ပြုသည့်ကာလ”အစား CF Certificate ကို ပြောင်းလဲအသုံးပြုသွားပါမည် ဖြစ်ပါသည်။ |
| ၆။ | ဥပဒေသ (၃)၊ စံ (၃.၁)၊အညွှန်း (၃.၁.၁)၏ ဆောင်ရွက်မှု အထောက် အထားများ | CFI 2019 ပြောင်းလဲအသုံးပြုရန် | CFI 2019 အား ပြောင်းလဲသုံးစွဲသွားမည်ဖြစ်ပါသည်။ |
| ၇။ | ဥပဒေသ(၃)၊ စံ (၃.၂)၊အညွှန်း (၃.၂.၁)၏ | CFI 2019 ပြောင်းလဲ အသုံးပြုရန် | CFI 2019 အား ပြောင်းလဲသုံးစွဲသွားမည်ဖြစ်ပါသည်။ |

| | | | |
|---|---|---|---|
| | ဆောင်ရွက်မှု အထောက် အထားများ | | |
| ၈။ | | ၃.၂.၁ နှင့် ၃.၂.၂ သည် တူနေ၍ဖြုတ်ခဲ့သည်ဟု ယူဆမိပါကြောင်း | ၃.၂.၁ နှင့် ၃.၂.၂ သည်တူနေ၍ ဖြုတ်ခဲ့ခြင်းဖြစ်ပါသည်။ |
| ၉။ | ဥပဒေသ (၃)၊ စံ (၃.၃)၊အညွှန်း (၃.၃.၁)၏ ဆောင်ရွက်မှု အထောက် အထားများ | CFI 2019 ပြောင်းလဲ အသုံးပြုရန် | CFI 2019 အား ပြောင်းလဲသုံးစွဲသွားမည်ဖြစ်ပါသည်။ |
| ၁၀။ | ဥပဒေသ (၄)၊ စံ (၄.၁)၊အညွှန်း (၄.၁.၁)၏ ဆောင်ရွက်မှု အထောက် အထားများ | (၁) အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ<br>(၂) အနည်းဆုံး အခကြေးငွေ ဥပဒေ (၂၀၁၂)<br>(၃)လူမှုဖူလုံရေး ဥပဒေ (၂၀၁၂)<br>(၄)အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေ (၂၀၁၂) အထက်ပါ ဥပဒေများသည် မသက်ဆိုင်ဘူးလား??? | ၄င်းဥပဒေသများအား ဥပဒေသ (၄) ၏သက်ဆိုင်ရာစံနှင့် အညွှန်းများတွင် ထည့်သွင်းထားပြီးဖြစ်ပါသည်။ ဥပဒေသ(၄)၊စံ(၄.၁)၊ အညွှန်း(၄.၁.၁) ၏ဆောင်ရွက်မှု အထောက်အထားများတွင် ၄င်းဥပဒေသများ ထည့်သွင်းခြင်းထက်မှတ်တမ်းမှတ်ရာများ ထည့်သွင်းခြင်းက ပိုမိုသင့်လျော်သဖြင့် ဖြုတ်ထားခြင်း ဖြစ်ပါ သည်။ |
| ၁၁။ | ဥပဒေသ (၄)၊ စံ (၄.၁)၊အညွှန်း (၄.၁.၂)၏ ဆောင်ရွက်မှု အထောက် အထားများ | ၁၉၆၄ ခုနှစ် ပြည်သူ့အလုပ်သမားများ၏အခြေခံရပိုင်ခွင့်နှင့် တာဝန်များပြဋ္ဌာန်းသည့် ဥပဒေကို ရုတ်သိမ်းသည့် ဥပဒေအား ဖြုတ်ရန်။ | ဆောင်ရွက်ပြီးဖြစ်ပါသည်။ |
| ၁၂။ | ဥပဒေသ (၄)၊ စံ (၄.၂)၊အညွှန်း (၄.၂.၂)၏ | လူမှုဖူလုံရေး ဥပဒေ (၂၀၁၂) အားထည့်သွင်းသင့်ပါကြောင်း | လူမှုဖူလုံရေး ဥပဒေ (၂၀၁၂) အား ထည့်သွင်းသွားပါမည်။ |

| | | | |
|---|---|---|---|
| | ဆောင်ရွက်မှု အထောက် အထားများ | | |
| ၁၃။ | ဥပဒေသ (၅)၊ စံ (၅.၁)၊အညွှန်း (၅.၁.၁)၏ ဆောင်ရွက်မှု အထောက် အထားများ | နိုင်ငံခြားသား/ မြန်မာနိုင်ငံ သားရင်းနှီးမြှုပ်နှံမှု ဥပဒေဟု သီးခြားမထားတော့ဘဲ မြန်မာ နိုင်ငံရင်းနှီးမြှုပ်နှံမှုဟု ပြောင်း လဲထားပါကြောင်း | နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေ (၂၀၁၂)နှင့် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ (၂၀၁၃) တို့ကို မြန်မာနိုင်ငံရင်းနှီး မြှုပ်နှံမှု ဥပဒေ (၂၀၁၆) ဖြင့် ရုတ်သိမ်း ထားပြီးဖြစ်သောကြောင့် မြန်မာ နိုင်ငံရင်းနှီး မြှုပ်နှံမှုဥပဒေ (၂၀၁၆) ကိုအစားထိုး ထည့်သွင်းပြီး ဖြစ်ပါ သည်။ |
| ၁၄။ | ဥပဒေသ (၅)၊ စံ (၅.၁)၊ အညွှန်း (၅.၁.၂)၏ ဆောင်ရွက်မှု အထောက် အထားများ | မြန်မာနိုင်ငံ အမျိုးသားသစ် ထုတ်ခြင်းဆိုင်ရာ စည်းကမ်း သတ်မှတ်ချက် (၂၀၀၀) မရှိ တော့၍ဖြုတ်ထားခြင်း ဖြစ်ပါ သလား?? | မြန်မာနိုင်ငံသစ်တောထောက်ခံ ချက်ပြုရေးကော်မတီ၏ Technical Working Group မှ C&I for Forest Management (Natural Forest and Plantations) ဖော်ထုတ်အပြီး သတ်ရန်ကိစ္စနှင့် ပတ်သက်၍ အကြံပြု သုံးသပ်ဆွေးနွေးခြင်း ပထမအကြိမ် အစည်းအဝေး (၂၀-၈-၂၀၁၈) တွင် “မြန်မာနိုင်ငံ အမျိုးသား သစ်ထုတ်ခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်(၂၀၀၀)” ကိုဆောင်ရွက်မှုအထောက်အထား များတွင်ထည့်သွင်းခြင်း မပြုရန် ဆုံးဖြတ်ထားပြီးဖြစ်ပါသည်။ |
| ၁၅။ | ဥပဒေသ (၅)၊ စံ (၅.၃)၊ အညွှန်း (၅.၃.၁) ၏ ဆောင်ရွက်မှု အထောက် အထားများ | မြန်မာနိုင်ငံအမျိုးသားသစ် ထုတ်ခြင်းဆိုင်ရာ စည်းကမ်း သတ်မှတ်ချက် (၂၀၀၀) မရှိ တော့၍ ဖြုတ်ထားခြင်း ဖြစ်ပါ သလား?? | မြန်မာနိုင်ငံသစ်တောထောက်ခံ ချက်ပြုရေးကော်မတီ၏ Technical Working Group မှ C&I for Forest Management (Natural Forest and Plantations) ဖော်ထုတ်အပြီး သတ်ရန်ကိစ္စနှင့် ပတ်သက်၍ အကြံပြုသုံးသပ် ဆွေးနွေးခြင်း |

| | | | |
|---|---|---|---|
| | | | ပထမ အကြိမ်အစည်းအဝေး (၂၀-၈-၂၀၁၈)တွင် "မြန်မာနိုင်ငံ အမျိုးသား သစ်ထုတ်ခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်(၂၀၀၀)" ကိုဆောင်ရွက်မှုအထောက်အထား များတွင် ထည့်သွင်းခြင်း မပြုရန် ဆုံးဖြတ်ထား ပြီးဖြစ်ပါသည်။ ၄င်းသတ်မှတ်ချက်အစား ပတ်ဝန်း ကျင်ထိခိုက်ပျက်စီးမှုကို သက်သာ စေသော သစ်ထုတ်ခြင်း နည်းစနစ် လမ်းညွှန်ချက်များ (၂၀၀၈) ကို ထည့်သွင်းထားခြင်းဖြစ်ပါသည်။ |
| ၁၆။ | ဥပဒေသ (၅)၊ စံ (၅.၅)၊ အညွှန်း (၅.၅.၁) ၏ ဆောင်ရွက်မှု အထောက် အထားများ | မြန်မာနိုင်ငံအမျိုးသားသစ်ထုတ်ခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက် (၂၀၀၀) မရှိတော့၍ ဖြုတ်ထားခြင်း ဖြစ်ပါသလား?? | မြန်မာနိုင်ငံသစ်တောထောက်ခံချက်ပြုရေးကော်မတီ၏ Technical Working Group မှ C&I for Forest Management (Natural Forest and Plantations) ဖော်ထုတ်အပြီး သတ်ရန်ကိစ္စနှင့် ပတ်သက်၍ အကြံပြု သုံးသပ်ဆွေးနွေးခြင်း ပထမအကြိမ် အစည်းအဝေး (၂၀-၈-၂၀၁၈)တွင် "မြန်မာနိုင်ငံ အမျိုးသား သစ်ထုတ်ခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်(၂၀၀၀)" ကိုဆောင်ရွက်မှုအထောက်အထား များတွင် ထည့်သွင်းခြင်း မပြုရန် ဆုံး ဖြတ်ထားပြီးဖြစ်ပါသည်။ |
| ၁၇။ | ဥပဒေသ (၅)၊ စံ (၅.၅)၊ အညွှန်း (၅.၅.၂)၏ ဆောင်ရွက်မှု အထောက် အထားများ | မြန်မာနိုင်ငံအမျိုးသား သစ်ထုတ်ခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက် (၂၀၀၀) မရှိတော့၍ ဖြုတ်ထားခြင်း ဖြစ်ပါသလား?? | မြန်မာနိုင်ငံသစ်တောထောက်ခံချက်ပြုရေးကော်မတီ၏ Technical Working Group မှ C&I for Forest Management (Natural Forest and Plantations) ဖော်ထုတ်အပြီး သတ်ရန်ကိစ္စနှင့် ပတ်သက်၍ အကြံပြု သုံးသပ်ဆွေးနွေးခြင်း ပထမအကြိမ် အစည်းအဝေး |

| | | | |
|---|---|---|---|
| | | | (၂၀-၈-၂၀၁၈)တွင် "မြန်မာနိုင်ငံ အမျိုးသား သစ်ထုတ်ခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်(၂၀၀၀)" ကိုဆောင်ရွက်မှုအထောက်အထား များတွင် ထည့်သွင်းခြင်း မပြုရန် ဆုံးဖြတ်ထားပြီးဖြစ်ပါသည်။ |
| ၁၈။ | ဥပဒေသ (၆)၊ စံ (၆.၁)၊ အညွှန်း (၆.၁.၃)၏ ဆောင်ရွက်မှု အထောက် အထားများ | (၁) မြန်မာနိုင်ငံ အမျိုးသား သစ်ထုတ်ခြင်းဆိုင်ရာစည်း ကမ်းသတ်မှတ်ချက် (၂၀၀၀) မရှိတော့၍ ဖြုတ်ထားခြင်း ဖြစ်ပါသလား??<br><br>(၂) ပတ်ဝန်းကျင်ထိန်းသိမ်း ရေး ဥပဒေ (၂၀၁၂)<br><br>(၃) မြန်မာနိုင်ငံအမျိုးသား သစ်ထုတ်ခြင်းဆိုင်ရာ စည်း ကမ်းသတ်မှတ်ချက် (၂၀၀၀) ထည့်သွင်းရန် မလိုအပ်ဘူး လား။ | (၁) မြန်မာနိုင်ငံသစ်တောထောက် ခံချက်ပြုရေးကော်မတီ ၏ Technical Working Group မှ C&I for Forest Management (Natural Forest and Plantations) ဖော်ထုတ် အပြီးသတ်ရန်ကိစ္စနှင့် ပတ်သက်၍ အကြံပြုသုံးသပ် ဆွေးနွေးခြင်း ပထမအကြိမ်အစည်း အဝေး(၂၀-၈-၂၀၁၈)တွင် "မြန်မာ နိုင်ငံအမျိုးသား သစ်ထုတ်ခြင်းဆိုင် ရာစည်းကမ်း သတ်မှတ်ချက် (၂၀၀၀)"ကို ဆောင်ရွက်မှု အထောက်အထားများတွင် ထည့် သွင်းခြင်းမပြုရန် ဆုံးဖြတ်ထားပြီး ဖြစ်ပါသည်။ ၎င်းသတ်မှတ်ချက် အစား ပတ်ဝန်းကျင် ထိခိုက်ပျက်စီး မှုကို သက်သာစေသော သစ်ထုတ် ခြင်းနည်းစနစ်လမ်း ညွှန်ချက်များ (၂၀၀၈)ကို ထည့်သွင်းထားခြင်းဖြစ် ပါသည်။<br>၂။ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပ ဒေ(၂၀၁၂)ကို ထည့်သွင်းသွားမည် ဖြစ်ပါ သည်။ |
| ၁၉။ | ဥပဒေသ (၆)၊ စံ (၆.၂)၊အညွှန်း (၆.၂.၁)၏ ဆောင်ရွက်မှု အထောက် | (၁) မြန်မာနိုင်ငံအမျိုးသား သစ်ထုတ်ခြင်း ဆိုင်ရာ စည်းကမ်း သတ်မှတ်ချက် (၂၀၀၀) မရှိ တော့၍ဖြုတ် ထားခြင်းဖြစ်ပါသလား?? | ၁။ မြန်မာနိုင်ငံ သစ်တောထောက်ခံ ချက်ပြုရေးကော်မတီ၏Technical Working Group မှ C&I for Forest Management (Natural Forest and Plantations) ဖော်ထုတ်အပြီးသတ် |

| | | | |
|---|---|---|---|
| | အထားများ | (၂)ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ (၂၀၁၂)<br><br>(၃) မြန်မာနိုင်ငံအမျိုးသား သစ်ထုတ်ခြင်းဆိုင်ရာ စည်းကမ်း သတ်မှတ်ချက် (၂၀၀၀) ထည့်သွင်းရန် မလိုအပ်ဘူးလား | ရန်ကိစ္စနှင့် ပတ်သက်၍ အကြံပြု သုံးသပ်ဆွေးနွေးခြင်းပထမအကြိမ် အစည်းအဝေး(၂၀-၈-၂၀၁၈) တွင် “မြန်မာနိုင်ငံ အမျိုးသားသစ်ထုတ်ခြင်းဆိုင်ရာစည်းကမ်း သတ်မှတ်ချက် (၂၀၀၀) ”ကိုဆောင်ရွက်မှု အထောက်အထားများတွင် ထည့်သွင်းခြင်းမပြုရန် ဆုံးဖြတ်ထားပြီး ဖြစ်ပါသည်။<br>၂။ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ (၂၀၁၂) သည် ဥပဒေသ (၆)၊ စံ (၆.၂)၊အညွှန်း(၆.၂.၁)၏ဆောင်ရွက်မှုအထောက်အထားများနှင့် မသက်ဆိုင်သောကြောင့် ထည့်သွင်းခြင်း မပြုခြင်းဖြစ်ပါသည်။ |
| ၂၀။ | ဥပဒေသ (၆)၊ စံ (၆.၃)၊အညွှန်း (၆.၃.၁)၏ ဆောင်ရွက်မှု အထောက် အထားများ | သစ်ထုတ်ခြင်းနှင့်အတူအုပ်မိုးကာဆိုင်းခုတ်လှဲခြင်း | သစ်ထုတ်ခြင်းနှင့်အတူ အုပ်မိုးကာဆိုင်းခုတ်လှဲခြင်း ထည့်သွင်းသွားမည်ဖြစ်ပါသည်။ |
| ၂၁။ | ဥပဒေသ (၆)၊ စံ (၆.၃)၊အညွှန်း (၆.၃.၃)၏ ဆောင်ရွက်မှု အထောက် အထားများ | မြန်မာနိုင်ငံအမျိုးသားသစ်ထုတ်ခြင်းဆိုင်ရာ စည်းကမ်း သတ်မှတ်ချက် (၂၀၀၀) မရှိတော့၍ ဖြုတ်ထားခြင်း ဖြစ်ပါသလား?? | မြန်မာနိုင်ငံသစ်တောထောက်ခံချက်ပြုရေးကော်မတီ၏ Technical Working Group မှ C&I for Forest Management (Natural Forest and Plantations) ဖော်ထုတ်အပြီးသတ်ရန်ကိစ္စနှင့် ပတ်သက်၍ အကြံပြု သုံးသပ်ဆွေးနွေးခြင်းပထမအကြိမ် အစည်းအဝေး(၂၀-၈-၂၀၁၈) တွင် “မြန်မာနိုင်ငံ အမျိုးသားသစ်ထုတ်ခြင်းဆိုင်ရာစည်းကမ်းသတ်မှတ်ချက်(၂၀၀၀) ”ကို ဆောင်ရွက်မှု အထောက်အထားများတွင် ထည့်သွင်းခြင်းမပြုရန် ဆုံးဖြတ်ထားပြီး |

| | | | |
|---|---|---|---|
| | | | ဖြစ်ပါသည်။ |
| ၂၂။ | ဥပဒေသ (၆)၊ စံ (၆.၅)၊အညွှန်း (၆.၅.၁)၏ ဆောင်ရွက်မှု အထောက် အထားများ | မြန်မာနိုင်ငံအမျိုးသားသစ် ထုတ်ခြင်းဆိုင်ရာ စည်းကမ်း သတ်မှတ်ချက်(၂၀၀၀)မရှိ တော့၍ဖြုတ်ထားခြင်း ဖြစ်ပါ သလား?? | မြန်မာနိုင်ငံသစ်တောထောက်ခံ ချက်ပြုရေးကော်မတီ၏ Technical Working Group မှ C&I for Forest Management (Natural Forest and Plantations) ဖော်ထုတ်အပြီးသတ် ရန်ကိစ္စနှင့်ပတ်သက်၍ အကြံပြု သုံးသပ်ဆွေးနွေးခြင်း ပထမအ ကြိမ် အစည်းအဝေး (၂၀-၈-၂၀၁၈) တွင် "မြန်မာနိုင်ငံအမျိုးသားသစ် ထုတ်ခြင်းဆိုင်ရာ စည်းကမ်းသတ် မှတ်ချက်(၂၀၀၀)" ကိုဆောင်ရွက်မှု အထောက်အထားများတွင်ထည့် သွင်းခြင်းမပြုရန် ဆုံးဖြတ်ထားပြီး ဖြစ်ပါသည်။ |
| ၂၃။ | ဥပဒေသ (၆)၊ စံ (၆.၅)၊ အညွှန်း (၆.၅.၃) ၏ ဆောင်ရွက်မှု အထောက် အထားများ | မြန်မာနိုင်ငံ အမျိုးသားသစ် ထုတ်ခြင်းဆိုင်ရာ စည်းကမ်း သတ်မှတ်ချက် (၂၀၀၀) မရှိတော့၍ ဖြုတ်ထားခြင်း ဖြစ်ပါသလား?? | မြန်မာနိုင်ငံသစ်တောထောက်ခံ ချက်ပြုရေးကော်မတီ၏Technical Working Group မှ C&I for Forest Management (Natural Forest and Plantations) ဖော်ထုတ်အပြီးသတ် ရန်ကိစ္စနှင့် ပတ်သက်၍ အကြံပြု သုံးသပ်ဆွေးနွေးခြင်း ပထမအ ကြိမ်အစည်းအဝေး(၂၀-၈-၂၀၁၈) တွင် "မြန်မာနိုင်ငံအမျိုးသားသစ် ထုတ်ခြင်းဆိုင်ရာ စည်းကမ်းသတ် မှတ်ချက်(၂၀၀၀)" ကိုဆောင်ရွက်မှု အထောက်အထားများတွင် ထည့် သွင်းခြင်းမပြုရန် ဆုံးဖြတ်ထားပြီး ဖြစ်ပါသည်။ |
| ၂၄။ | ဥပဒေသ (၆)၊ စံ (၆.၅)၊ အညွှန်း (၆.၅.၄)၏ ဆောင်ရွက်မှု အထောက် | မြန်မာနိုင်ငံအမျိုးသားသစ် ထုတ်ခြင်းဆိုင်ရာ စည်းကမ်း သတ်မှတ်ချက်(၂၀၀၀)မရှိ တော့၍ဖြုတ်ထားခြင်းဖြစ်ပါ သလား?? | မြန်မာနိုင်ငံသစ်တောထောက်ခံ ချက်ပြုရေးကော်မတီ၏Technical Working Group မှ C&I for Forest Management (Natural Forest and Plantations) ဖော်ထုတ်အပြီးသတ် |

| | | | |
|---|---|---|---|
| | အထားများ | | ရန်ကိစ္စနှင့်ပတ်သက်၍ အကြံပြုသုံးသပ်ဆွေးနွေးခြင်း ပထမအကြိမ်အစည်းအဝေး(၂၀-၈-၂၀၁၈)တွင်"မြန်မာနိုင်ငံ အမျိုးသားသစ်ထုတ်ခြင်းဆိုင်ရာစည်းကမ်းသတ်မှတ်ချက်(၂၀၀၀)" ကိုဆောင်ရွက်မှုအထောက်အထားများတွင်ထည့်သွင်းခြင်းမပြုရန် ဆုံးဖြတ်ထားပြီးဖြစ်ပါသည်။ |

**သစ်တောအုပ်ချုပ်လုပ်ကိုင်မှုအတွက် ထောက်ခံချက်ပေးနိုင်ရန် မြန်မာ့စံနှင့်အညွှန်းများ**

**(သစ်တောစိုက်ခင်း) (မူကြမ်း) နှင့်ပတ်သက်ပြီးအကြံပြုချက်များ**

| စဉ် | ဥပဒေသ၊ စံ၊ အညွှန်းများနှင့် အထောက် အထားများ | သဘောထားမှတ်ချက်/ အကြံပြုချက် | သဘောထားမှတ်ချက်များ၊ အကြံပြု ချက်များနှင့် ပတ်သက်၍ အတည်ပြု ဆုံးဖြတ်ချက်များ |
|---|---|---|---|
| ၁။ | ဥပဒေသ (၁)၊ စံ (၁.၁)၊ အညွှန်း (၁.၁.၁) ၏ ဆောင်ရွက်မှု အထောက် အထားများ | (၁) .......တိုင်းဒေသကြီး/ ပြည်နယ် ထင်းစိုက်ခင်း ဥပဒေဟု ဖော်ပြရန်<br>(၂) သဘာဝပတ်ဝန်းကျင် သက်ရောက်မှုစစ်တမ်း ကောက်ယူခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ (၂၀၁၃)မလိုအပ်ဘူးလား??<br>(၃) နိုင်ငံခြားသား/ မြန်မာ နိုင်ငံသားရင်းနှီးမြှုပ်နှံမှု ဥပဒေဟု သီးခြားမထား တော့ဘဲ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဟု ပြောင်း လဲထားပါကြောင်း<br>(၄) ထပ်သွင်းထားသည့် သတ္တုတွင်းဥပဒေသည် သက် ဆိုင်ပါသလား ???<br>(၅) CFI (2019) ဟုပြောင်း လဲရန်။ | (၁) .......တိုင်းဒေသကြီး/ပြည် နယ် ထင်းစိုက်ခင်းဥပဒေဟု ထည့်သွင်း သွားမည်ဖြစ်ပါသည်။<br>(၂) ပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံး လုပ်နည်းများ (၂၀၁၅) ကို ထည့်သွင်းထားပြီး ဖြစ်ပါသည်။<br>(၃) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေ (၂၀၁၂) နှင့် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ (၂၀၁၃) တို့ကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေ (၂၀၁၆) ဖြင့် ရုတ်သိမ်း ထားပြီးဖြစ်သောကြောင့် မြန်မာ နိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ (၂၀၁၆) ကို အစားထိုး ထည့်သွင်းပြီး ဖြစ်ပါ သည်။<br>(၄) သတ္တုတွင်းဥပဒေသည် ပတ်ဝန်းကျင်ဆိုင်ရာ ရှုထောင့်မှ စဉ်းစား၍ ထည့်သွင်းထားခြင်း ဖြစ်ပါသည်။<br>(၅) CFI 2019 အား ပြောင်းလဲသုံးစွဲ သွားမည်ဖြစ်ပါသည်။ |
| ၂။ | ဥပဒေသ (၁)၊ စံ (၁.၅)၊ အညွှန်း (၁.၅.၂) ၏ | မြေယာခွဲဝေ အသုံးချမှုစိစစ် ခြင်း လမ်းညွှန်ချက်များ (၂၀၁၂) ??? | ဥပဒေသ (၁)၊ စံ (၁.၅)၊ အညွှန်း (၁.၅.၂)သည် “ခရိုင်သစ်တော စိုက်ခင်းအုပ်ချုပ်မှုအတွင်း အခွင့် |

| | | | |
|---|---|---|---|
| | ဆောင်ရွက်မှု အထောက် အထားများ | သို့မဟုတ်မြေယာခွဲဝေချထား ခြင်းဆိုင်ရာလမ်းညွှန်ချက် များ (၂၀၁၂)???သို့မဟုတ် မြေယာခွဲဝေမှုနှင့်မြေအသုံးချ မှု လမ်းညွှန်ချက် (၂၀၁၂)??? | အာဏာမရှိဘဲ လုပ်ငန်းဆောင် ရွက်ခြင်း၊ ထုတ်ယူခြင်း၊ အမဲလိုက် ခြင်း၊ ငါးဖမ်းခြင်း၊ အခြေချနေထိုင် ခြင်းနှင့် ကျူးကျော်ဝင်ရောက်ခြင်း တို့ကို ထိန်းချုပ်ထားရှိမှုနှင့်စောင့် ကြည့်လေ့လာမှု" ဖြစ်သောကြောင့် အကြံ ပြုချက်များကို ထည့်သွင်း ခြင်းမပြုတော့ပါ။ |
| ၃။ | ဥပဒေသ (၁)၊ စံ (၁.၆)၊ အညွှန်း (၁.၆.၁) ၏ ဆောင်ရွက်မှု အထောက် အထားများ | CFI 2019 ဟု ပြောင်းလဲရန်။ | CFI 2019 အား ပြောင်းလဲသုံးစွဲ သွားမည်ဖြစ်ပါသည်။ |
| ၄။ | ဥပဒေသ (၂)၊ စံ (၂.၁)၊ အညွှန်း (၂.၁.၁) ၏ ဆောင်ရွက်မှု အထောက် အထားများ | CFI 2019 ဟု ပြောင်းလဲရန်။ | CFI 2019 အား ပြောင်းလဲသုံးစွဲ သွားမည်ဖြစ်ပါသည်။ |
| ၅။ | ဥပဒေသ (၂)၊ စံ (၂.၁)၊ အညွှန်း (၂.၁.၂) ၏ ဆောင်ရွက်မှု အထောက် အထားများ | မြေယာခွဲဝေအသုံးချမှုစိစစ် ခြင်း လမ်းညွှန်ချက်များ (၂၀၁၂) ??? သို့မဟုတ်မြေယာ ခွဲဝေချထားခြင်းဆိုင်ရာ လမ်း ညွှန်ချက်များ (၂၀၁၂)??? သို့မဟုတ်မြေယာခွဲဝေမှုနှင့် မြေအသုံးချမှု လမ်းညွှန်ချက် (၂၀၁၂)??? | အမျိုးသားမြေအသုံးချမှု မူဝါဒ (၂၀၁၆) ကို ထည့်သွင်းပြီးဖြစ်ပါ သောကြောင့် မြေယာခွဲဝေမှုနှင့်မြေ အသုံးချမှု လမ်းညွှန်ချက် (၂၀၁၂) များကို ထည့်သွင်းခြင်းမပြုတော့ ပါ။ |
| ၆။ | ဥပဒေသ (၂)၊ စံ (၂.၂)၊ အညွှန်း (၂.၂.၁) ၏ ဆောင်ရွက်မှု အထောက် အထားများ | (၁)ဒေသဆိုင်ရာ/ဓလေ့ထုံး တမ်းအစဉ်အလာ မြေယာ ဥပဒေ(ရှိပါက)မရှိ၍ဖြုတ် ထားခြင်း လား။<br>(၂) CFI 2019 ဟု ပြောင်းရန်။ | (၁) ဒေသဆိုင်ရာ/ဓလေ့ထုံးတမ်း အစဉ်အလာ မြေယာဥပဒေ မရှိ၍ ဖြုတ်ထားခြင်းဖြစ်ပါသည်။ သက် ဆိုင်ရာ ဥပဒေများကို နိုင်ငံတော်မှ ပြဌာန်းပြီးပါက ထပ်မံဖြည့်စွက် ဖော်ပြသွားပါမည်။ |

| | | | |
|---|---|---|---|
| | | | (၂) CFI 2019 အား ပြောင်းလဲသုံးစွဲသွားမည်ဖြစ်ပါသည်။ |
| ၇။ | ဥပဒေသ (၃)၊ စံ (၃.၁)၊ အညွှန်း (၃.၁.၁) ၏ ဆောင်ရွက်မှု အထောက် အထားများ | CFI 2019 ပြောင်းလဲရန်။ | CFI 2019 အား ပြောင်းလဲသုံးစွဲသွား မည်ဖြစ်ပါသည်။ |
| ၈။ | ဥပဒေသ (၃)၊ စံ (၃.၁)၊ အညွှန်း (၃.၁.၂) ၏ ဆောင်ရွက်မှု အထောက် အထားများ | မိရိုးဖလာမြေယာပိုင်ဆိုင်မှု ဥပဒေကို မလိုအပ်၍ ဖြုတ်လိုက်ခြင်းလား။ | ဒေသဆိုင်ရာ/ဓလေ့ထုံးတမ်း အစဉ်အလာ မြေယာဥပဒေ အစား "တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေ"ကို ထည့်သွင်းပြီး ဖြစ်ပါသည်။<br>ဒေသဆိုင်ရာ/ဓလေ့ထုံးတမ်းအစဉ်အလာ မြေယာဥပဒေနှင့်ပတ်သက်၍ သက်ဆိုင်ရာ ဥပဒေများကိုနိုင်ငံတော်မှပြဌာန်းပြီးပါက ထပ်မံဖြည့်စွက်ဖော်ပြသွားပါမည်။ |
| ၉။ | ဥပဒေသ (၃)၊ စံ (၃.၂)၊ အညွှန်း (၃.၂.၁) ၏ဆောင်ရွက်မှု အထောက် အထားများ | CFI 2019 ပြောင်းလဲရန်။ | CFI 2019 အား ပြောင်းလဲသုံးစွဲသွားမည်ဖြစ်ပါသည်။ |
| ၁၀။ | ဥပဒေသ (၃)၊ စံ (၃.၃)၊ အညွှန်း (၃.၃.၁) ၏ ဆောင်ရွက်မှု အထောက် အထားများ | (၁) မိရိုးဖလာမြေယာပိုင်ဆိုင်မှုဥပဒေကို မလိုအပ်၍ ဖြုတ်လိုက်ခြင်းလား။<br>(၂) CFI 2019 သို့ ပြောင်းလဲရန်။ | (၁) ဥပဒေသ (၃)၊ စံ (၃.၃)၊ အညွှန်း (၃.၃.၁) ၏ ဆောင်ရွက်မှု အထောက်အထားများတွင် "ဒေသဆိုင်ရာ/ ဓလေ့ထုံးတမ်းအစဉ်အလာ မြေယာဥပဒေ"နှင့် မသက်ဆိုင်၍ ဖြုတ်ထားခြင်းဖြစ်ပါသည်။<br>(၂) CFI 2019 အား ပြောင်းလဲသုံးစွဲသွားမည်ဖြစ်ပါသည်။ |

| | | | |
|---|---|---|---|
| ၁၁။ | ဥပဒေသ (၄)၊ စံ (၄.၁)၊ အညွှန်း (၄.၁.၁) ၏ ဆောင်ရွက်မှု အထောက် အထားများ | အလုပ်အကိုင်နှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ အနည်းဆုံးအခကြေးငွေ ဥပဒေ (၂၀၁၂)၊လူမှုဖူလုံရေး ဥပဒေ (၂၀၁၂)၊ အလုပ်သမား ရေးရာ အငြင်းပွားမှုဖြေရှင်း ရေးဥပဒေ (၂၀၁၂) တို့အား ပြန်လည်ထည့်သင့်ပါ ကြောင်း။ | ၄င်းဥပဒေသများအား ဥပဒေသ (၄) ၏ သက်ဆိုင်ရာ စံနှင့်အညွှန်း များတွင် ထည့်သွင်းထားပြီးဖြစ် ပါသည်။ ဥပဒေသ (၄)၊ စံ (၄.၁)၊ အညွှန်း (၄.၁.၁) ၏ ဆောင်ရွက်မှု အထောက်အထားများတွင် ၄င်း ဥပဒေသများ ထည့်သွင်းခြင်းထက် မှတ်တမ်းမှတ်ရာများထည့်သွင်း ခြင်းက ပိုမိုသင့်လျော်သဖြင့် ဖြုတ် ထားခြင်းဖြစ်ပါသည်။ |
| ၁၂။ | ဥပဒေသ (၄)၊ စံ (၄.၂)၊ အညွှန်း (၄.၂.၂)၏ဆောင် ရွက်မှုအထောက် အထားများ | ၁၉၆၄ခုနှစ် ပြည်သူ့အလုပ် သမားများ၏ အခြေခံရပိုင် ခွင့်နှင့် တာဝန်များပြဌာန်း သည့် ဥပဒေကို ရုတ်သိမ်း သည့် ဥပဒေ။ ဖြုတ်သင့် ပါကြောင်း။ | ၄င်းဥပဒေသအား ဖြုတ်ပြီး ဖြစ်ပါသည်။ |
| ၁၃။ | ဥပဒေသ (၆)၊ စံ (၆.၁)၊ အညွှန်း (၆.၁.၃)ဆောင် ရွက်မှုအထောက် အထားများ | ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ (၂၀၁၂)မည်သည့် အတွက်ကြောင့် ဖြုတ်??? | ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ (၂၀၁၂) ကို ပြန်လည် ထည့်သွင်းသွားမည်ဖြစ်ပါသည်။ |